COLORADO
State Board of Education

201 East Colfax Avenue
Denver, CO 80203-1799

**Angelika Schroeder**
Chairwoman
2nd Congressional District

**Steve Durham**
Vice-Chairman
5th Congressional District

**Val Flores**
1st Congressional District

**Jane Goff**
7th Congressional District

**Rebecca McClellan**
6th Congressional District

**Joyce Rankin**
3rd Congressional District

**Debora Scheffel**
4th Congressional District

Aurora ဗဟိုအထက်တန်းကျောင်း ဘာသာပြန်အတွက်

မှတ်စုတို

**နိုဝင်ဘာလ၌ ကော်လိုရာဒိုပြည်နယ် ပြည်နယ်ပညာရေး ဘုတ်အဖွဲ့ ပညာရေးတွေ့ဆုံပွဲ၌ ကျင်းပမည်ဖြစ်သည့် တာဝန်ယူမှုဆိုင်ရာ ကြားနာပွဲများအတွင်း အများပြည်သူမှ သဘောထားမှတ်ချက်ပေးနိုင်သည့်ကာလအတွက် ရေးသားထားသည့် အသိပေးစာ**

Aurora ဗဟိုအထက်တန်းကျောင်းအတွက် ပြည်နယ်ပညာရေးဘုတ်အဖွဲ့နှင့်အတူ ကျင်းပမည်ဖြစ်သည့် တာဝန်ယူမှုဆိုင်ရာ ကြားနာပွဲများအပေါ် မိသားစုများ၊ ကျောင်းဝန်ထမ်းများနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များထံမှ ရေးသားတင်ပြချက်များကို ရရှိရန်အတွက် ကော်လိုရာဒိုပြည်နယ် ပညာရေးဘုတ်အဖွဲ့မှ ကြိုးပမ်းလျက်ရှိပါသည်။ အများပြည်သူအစုဝင်များသည် အောက်ပါတို့ကို ပြုလုပ်နိုင်ပါသည်-

- ယခင်က မှာကြားထားသော လုပ်ဆောင်ချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုအပေါ်တွင် သဘောထားမှတ်ချက်ပေးခြင်း (ကျောင်းသည် ၂၀၁၇ ခုနှစ် နွေရာသီကပင် မည်သို့ပြောင်းလဲခဲ့ကြောင်း) နှင့်

- ဘုတ်အဖွဲ့မှ ညွှန်ကြားသော နောက်ထပ်လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ ရေးသားတင်ပြချက်များ ဖြည့်စွက် ပံ့ပိုးပေးခြင်း (ရှေ့လျှောက်လုပ်ဆောင်ရာတွင် မည်သည့်အရာများကို ပြုလုပ်သင့်ကြောင်း)။

၂၀၁၇ ခုနှစ်တွင် တာဝန်ယူမှုဆိုင်ရာ အချိန်ကိုက် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းအနေဖြင့် ပြည်နယ်ပညာရေးဘုတ်အဖွဲ့က စီမံခန့်ခွဲရေးဆိုင်ရာ ပြင်ပတွဲဖက်လုပ်ကိုင်သူတစ်ဦး (MassInsight) အကူအညီဖြင့် ၎င်း၏၂၀၁၆ ခုနှစ် တီထွင်ဆန်းသစ်မှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် Aurora ဗဟိုအထက်တန်းကျောင်းကို ညွှန်ကြားခဲ့ပါသည်။

တာဝန်ယူမှုဆိုင်ရာ အချိန်ကိုက် လုပ်ငန်းစဉ်အတွက် ထပ်မံလိုအပ်သော နောက်ထပ်အချက်အလက်များကို ဤနေရာတွင် ကြည့်ရှုလေ့လာပါ- CDE Accountability Clock Fact Sheet (CDE တာဝန်ယူမှုဆိုင်ရာ အချိန်ကိုက်လုပ်ငန်းစဉ် အချက်အလက်များပြ စာစောင်)

၂၀၁၇ ခုနှစ်တွင် တင်သွင်းခဲ့သော အစီအစဉ်အပါအဝင် အဆိုပါကျောင်းများအတွက် ယခင်ပြုလုပ်ခဲ့သည့် တာဝန်ယူမှုဆိုင်ရာ ကြားနာပွဲများအတွက် အချက်အလက်များကို ရယူလိုပါက ဤနေရာတွင် ကြည့်ရှုလေ့လာပါ- State Board Accountability Actions webpage (ပြည်နယ်ဘုတ်အဖွဲ့ တာဝန်ယူမှုဆိုင်ရာ ဆောင်ရွက်ချက်များ ဝဘ်စာမျက်နှာ)

သဘောထားမှတ်ချက်များကို အောက်ပါနည်းလမ်းတစ်မျိုးမျိုးဖြင့် တင်သွင်းနိုင်သည်-

- short online survey (အွန်လိုင်း စစ်တမ်းတို) ကို ဖြည့်စွက်ခြင်း
- state.board@cde.state.co.us သို့ အီးမေးလ် ပေးပို့ခြင်း
- ပညာရေးဘုတ်အဖွဲ့ရုံး- State Board Office, 201 E. Colfax, Room 500, Denver, CO 80203. သို့ စာရေးသားပေးပို့ခြင်းဖြင့် တင်သွင်းခြင်း

**ရေးသားထားသော သဘောထားမှတ်ချက်များအားလုံးအတွက် နောက်ဆုံးတင်သွင်းရန်အချိန်မှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ တနင်္လာနေ့ (မွန်းတည့်) ၁၂:၀၀ နာရီ ဖြစ်ပါသည်။**

သဘောထားမှတ်ချက်များကို ပြည်နယ်ပညာရေးဘုတ်အဖွဲ့မှ စုစည်းမည်ဖြစ်ပြီး ပြည်နယ်ပညာရေးဘုတ်အဖွဲ့ဝင်များအားလုံးသို့ ပေးပို့ပါမည်။ တင်သွင်းမှုများအားလုံးသည် ကြားနာပွဲများအတွက် တရားဝင်မှတ်တမ်း အစိတ်အပိုင်းဖြစ်လိမ့်မည်ဖြစ်ပြီး အများပြည်သူမြင်သာစေရန် ထုတ်ပြန်ဖော်ပြမည်။ အင်္ဂလိပ်မဟုတ်သော အခြားဘာသာစကားများဖြင့် တင်သွင်းသော သဘောထားမှတ်ချက်များကို အချိန်ရသည့်အခါ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုမည်ဖြစ်သည်။ နောက်ဆုံးတင်သွင်းရန်အချိန်ကျော်လွန်ပြီးမှ ရရှိသော သဘောထားမှတ်ချက်များကို မှတ်တမ်းအတွင်း ထည့်သွင်းမည် မဟုတ်ပါ သို့မဟုတ် ပြည်နယ်ပညာရေးဘုတ်အဖွဲ့ထံသို့ ထပ်ဆင့်ပေးပို့မည် မဟုတ်ပါ။